င။ "နမော တဿ"စသော ပါဠိကို မြန်မာလိုပြောပြပါ။

စ။ သရဏဂုံ သီလတောင်းနှင့် "နမော တဿ" စသော ပါဠိကို ဌာန်ကရိုဏ်းကျအောင် မရွတ်တတ်လျှင် ကိုရင်ဖြစ်ပါ့မလား။

ဆ။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် သရဏဂုံယူရာ၌ ခပ်ပြင်းပြင်းရွတ်ရမည့် အက္ခရာ(စာလုံး)များကို ဖော်ပြပါ။

---

## ဆယ်ပါးသီလ ပြောပြခြင်း

**အမှာ။** ။သရဏဂုံ ပေးပြီးနောက် အောက်ပါအတိုင်း ၁၀-ပါးသီလ ပြောပြပါလေ၊ ရအောင် ကျက်ချိန်ရလျှင် တဖြည်းဖြည်းပါဠိရော မြန်မာလိုပါ အရကျက်ပါ၊ "သိက္ခာပဒံ သမာဒိယာမိ"မပါခြင်း၏အကြောင်းကိုကား နောက်ဆက်တွဲမှာ ကြည့်ပါ။

၁။ ပါဏာတိပါတာ ဝေရမဏီ= သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၂။ အဒိန္နာဒါနာ ဝေရမဏီ=သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက် လုယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

၃။ အဗြဟ္မစရိယာ ဝေရမဏီ= မေထုန်အကျင့်မှ ရှောင်ကြဉ်ရခြင်း။

၄။ မုသာဝါဒါ ဝေရမဏီ = လိမ်လည် လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း။